ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ခမ္မပဒ–၇၆)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 August 2026 ၁၂၇၅

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်


နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ဘယ်လာရုစ်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မင့်စ်မြို့၌ မြန်မာသံရုံးဖွင့်လှစ်ခြင်း အခမ်းအနားနှင့် မြန်မာ–ဘယ်လာရုစ် စီးပွားရေးဖိုရမ်တို့သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင် နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးသည်။

သီးခြားတွေ့ဆုံဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် ကရင်မလင်နန်းတော်သို့ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ၏ လက်ထောက်နှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

သူရဲ့ဈေး-တောင်ပြိုး ရထားလမ်းပိုင်းတွင် မီးရထားခရီးစဉ် စတင်ပြေးဆွဲ



မန္တလေး ဩဂုတ် ၁၈

သူရဲ့ဈေး-တောင်ပြိုး ရထားခရီးစဉ်၌ ရိုးရိုးတန်း ခြောက်တွဲ၊ ဘရိတ် နှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် နေ့စဉ်သူရဲ့ဈေးဘူတာမှ တောင်ပြိုးဘူတာသို့ နံနက် ၇ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ တောင်ပြိုးဘူတာမှ သူရဲ့ဈေးဘူတာသို့ နံနက် ၉ နာရီနှင့် ညနေ ၄ နာရီ ၁၅ မိနစ် တို့တွင်လည်းကောင်း ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

ပိုလ်တထောင်မြို့နယ်ရှိ လေမှုတ်စက်ရုံကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ဘည်းမော်ကွန်းကြေးပြား တပ်ဆင်

စာမျက်နှာ » ၁၀

ရောဝတီတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်၌ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၁၂

လွတ်တော်ကဏ္ဍမြင့်မားရေးနှင့် စွမ်းဆောင်ရည်တိုးတက်ရေး

ဆောင်းပါး စာမျက်နှာ » ၁၆

နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်ခိုင်မာ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၁၇ ရက်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေမည့် ခရီးစဉ်ဖြစ်သည်။

ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၇)နှစ်ပြည့်မြောက်ပြီးနောက် ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပထမဆုံးသွားရောက်သည့်ခရီးစဉ်ဖြစ်သည်။ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ပြီးချိန်မှစ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် မိတ်ကောင်းဆွေကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် တစိုက်မတ်မတ် ထိထွေ့ဆက်ဆံ လာခဲ့သည်။ အထူးသဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုမှစတင်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ပြီးခဲ့သည့် ငါးနှစ်တာကာလတွင်မူ ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများကို မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဆင့် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည့်ကာလ အတွင်း ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းထောင်ချီဝေးကွာသည့် နိုင်ငံဖြစ်သော်လည်း မိတ်ရင်းဆွေရင်း ဆွေမျိုးရင်းချာ တရုတ်နိုင်ငံကဲ့သို့ပင် ကမ္ဘာ့ရေးရာမျက်နှာစာတွင် မားမားမတ်မတ် ရပ်တည်ပေးခဲ့သောနိုင်ငံဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ပြီးခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ နိုင်ငံတော်အကြီးအကဲအဖြစ် တက်ရောက်ခဲ့စဉ် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင် ပြောကြားခဲ့သည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ကောင်းမွန်လျက် ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာ ကောင်းများစွာတွေ့မြင်ရကြောင်း ပြောကြားချက်နှင့်အညီ ယခုအခါ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရသစ်လက်ထက် နိုင်ငံတော် သမ္မတအဖြစ် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်၌ မိတ်ဖက်နိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံရေးအရှိန်အဟုန်ကို တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့ပြီး အိန္ဒိယသမ္မတ၊ ဝန်ကြီးချုပ်နှင့် နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက် တရုတ် နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် အဆင့်မြင့်ခရီးစဉ်များအဖြစ် သွားရောက်ခဲ့ပြီး ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိပြီး ရုရှားနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် ဒူးမားလွတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှား အစိုးရပိုင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရုရှား-မြန်မာ နှစ်နိုင်ငံအနေဖြင့် ပူးပေါင်း ဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် မူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာလေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာ ရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေးစသည့် နယ်ပယ် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့၏ ရုရှားနိုင်ငံခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီး သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေမည့် ခရီးစဉ်ဖြစ်ပါကြောင်း။ ။

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် သြဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် သြဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အစိုးရသစ်၏ ပိုမို ခိုင်မာလာသော နိုင်ငံတကာမိတ်ဖက် ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၁၈-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၇ ~ ၃၆၆၉	၅၃၇ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၅၉၅,၂၁၈.၁၉	၂၉,၇၀၄,၉၄၅.၂၂	၁၂၀,၃၁၇,၈၆၉.၂၆	-

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် သြဂုတ် ၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဧလ

၁၈ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၈ - ၈ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၀၀၀	၁၈,၅၀၀	၈၈၄	၁၅,၉၁၅,၀၀၀
MTSH	၈,၅၀၀	၈,၆၀၀	၁,၀၇၃	၉,၁၂၀,၆၀၀
MCB	၁၂,၅၀၀	၁၃,၅၀၀	၈၂	၁,၀၆၆,၅၀၀
FPB	၆,၇၀၀	၆,၇၀၀	၁,၀၃၀	၆,၉၀၁,၀၀၀
TMH	၃,၅၅၀	၃,၅၀၀	၂၂	၇၇,၆၀၀
EFR	၁,၉၀၀	၁,၉၅၀	၃,၃၆၈	၆,၃၉၉,၉၀၀
AMATA	၄,၁၀၀	၄,၁၀၀	၃၀	၁၂၄,၀၀၀
MAEX	၆,၇၀၀	၆,၇၀၀	၁,၄၁၆	၉,၄၅၂,၂၀၀
MADPL(PLB)	၆,၂၀၀	၆,၄၀၀	၂,၁၁၁	၁၃,၃၀၈,၆၀၀
ASPGB(PLB)	၆,၈၀၀	၆,၈၀၀	၅,၇၈၇	၃၉,၄၁၉,၉၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်		ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
		အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ရင်းရင်းနှီးနှီး ခရီးဦးကြိုဆို နှုတ်ဆက်စဉ်။

☆ ရှေ့ဖိုးမှ

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ခရီးဦး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာ ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ထပ်မံတွေ့ဆုံခွင့်ရသည့် အတွက် လွန်စွာဝမ်းမြောက် ဝမ်းသာဖြစ်ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး ရေဘေးသင့် ပြည်သူများအား မိမိအနေဖြင့် စာနာထောက်ထားပြီး အားပေးသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှု အနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာတိုးတက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးခွင့်ရသည့် အတွက် အထူးပင်ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါကြောင်း ပြောကြားသည်။

ထိုနောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် မိမိနှင့်ကိုယ်စား လှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ လှိုက်လဲနွေးထွေးစွာ ကြိုဆိုမှု အတွက် များစွာဝမ်းမြောက်ဂုဏ် ယူကြောင်းနှင့် ကျေးဇူးတင်ရှိ ပါကြောင်း၊ မိမိအနေဖြင့် ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ဖူးပြီး ယခုအခါ သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခံရပြီး နောက်ပိုင်း တွင် ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆွေတော် ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအပေါ်တွင် အဆွေတော်အနေဖြင့် မြန်မာပြည်သူများအပေါ် စာနာ ထောက်ထားကြောင်း ပြောကြားပေးသည့် အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း မန္တလေး ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး ဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်း၊ ထိုအချိန်တွင် အဆွေတော်တို့ အနေဖြင့် အထူးအဖွဲ့များ၊ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ် ပေးခဲ့သည်ကို ယခုအချိန်အထိ မမေ့ပါကြောင်းနှင့် ကျေးဇူးတင် ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍ ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး တွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ် များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ် ဆွေးနွေးနိုင်မည် ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေး နယ်ပယ်များတွင် လည်း ပြောင်းလဲတိုးတက်လာပြီး ဖြစ်ပါကြောင်း၊ ဆက်လက် လုပ်ဆောင်ရန် နယ်ပယ်များ လည်း များစွာကျန်ရှိနေသေး ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်း များစွာ အားပေးကူညီခဲ့ပြီး လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုများသည် လည်း ရုရှားနိုင်ငံ၏ အားပေး ထောက်ခံမှုများစွာ ပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံ ပြောကြားလိုပါကြောင်း၊ သမိုင်း ကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာ ရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့ တောင်အာရှတွင် ယုံကြည်စိတ်ချ ရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲ တည်ရှိနေမည်ကို ပြောကြားလိုပါ ကြောင်း၊ မြန်မာနိုင်ငံအနေ ဖြင့် အမြဲအသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အွန်လိုင်းလောင်း ကစားမှုများနှင့် အွန်လိုင်းငွေကြေး လိမ်လည်မှုများ ပပျောက်စေရေး အတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန် နှိမ်နင်းဆောင် ရွက်လျက်ရှိမှု၊ ဒေသတွင်း နိုင်ငံ များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်လျက်ရှိမှု နှင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင် ရွက်လျက်ရှိမှု၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီး မှုနှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာ ရေးနှင့် ခရီးသွားကဏ္ဍအပါအဝင်

စာမျက်နှာ ၄ သို့ ☆

☆ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်

☆ စာမျက်နှာ ၃ မှ

နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ကြသည်။


ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဒီဂျစ်တယ်ငွေကြေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကြောင်း ပို့ကုန်နှင့် ပို့ဆောင်ရေးကဏ္ဍနှင့် အခြား ပူးပေါင်း ဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့က လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တစ်ဖက်သတ် အကျပ်ကိုင် ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် နည်းလမ်းများနှင့်ပတ်သက်သည့် ကြေညာချက်၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယို အီလက်ထရောနစ်လုပ်ငန်းနှင့် ဒီဂျစ်တယ်နည်းပညာ နယ်ပယ် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှု အဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSAT နှင့် ကမ္ဘာအနီး အာကာသအတွင်း အန္တရာယ်ရှိသော အခြေအနေများအတွက် အလိုအလျောက် သတိပေးစနစ် (ASPOS) နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသ အေဂျင်စီနှင့် Plekhanov Russian University of Economics တို့အကြား နားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသ အေဂျင်စီနှင့် Bauman Moscow State Technical University တို့အကြား နားလည်မှုစာချွန်လွှာများ အပါအဝင် စုစုပေါင်းနားလည်မှုစာချွန်လွှာ ၁၂ခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်း နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ အသီးသီး လဲလှယ်ခဲ့ကြသည်။


ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် မိဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံ ပူးတွဲကြေညာချက်များ အပြန်အလှန် ပြောကြားမှုကို သီးခြား ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



- **သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်**
- **မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အသီးသီးလဲလှယ်ကြစဉ်။

❍ သူရဲဘေး-တောင်ပြိုးမှ

အဆိုပါ သူရဲဘေး-တောင်ပြိုး မီးရထားခရီးစဉ် စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက သူရဲဘေးဘူတာစင်္ကြံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွတ်တော်အခွင့်အရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သူရဲဘေး-တောင်ပြိုးမီးရထားခရီးစဉ် စတင်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ သူရဲဘေးဘူတာမှ တောင်ပြိုးဘူတာသို့ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်တောင်ပြိုး ဆုတောင်းပြည့်ဆုတောင်းရ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုး၍ ဘုရားဖူးလာပြည်သူများနှင့် တောင်ပြိုးပွဲတော်လာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ ဧရာဆိုင်ခန်းဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။

မန္တလေး-မတ္တရာလမ်းပိုင်း မီးရထားခရီးစဉ်ပြန်လည်ပြေးဆွဲနိုင်ရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို စိမ်လုပ်ဆောင်ခဲ့ပြီး မန္တလေး-မတ္တရာလမ်းပိုင်းကို မပြေးဆွဲနိုင်သည့်ကာလတွင် အများပြည်သူခရီးသွားလာမှုအဆင်ပြေစေရေးအတွက် သူရဲဘေးဘူတာမှ တောင်ပြိုးခရီးစဉ်အား ပွဲတော် ၁၀ ရက်တာကာလအတွင်း ဈေးနှုန်းသက်သာပြီး ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ပြေးဆွဲပေးခဲ့ခြင်း ဖြစ်ပြီး မန္တလေး-မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြို့ပောင်းဘူတာမှ မတ္တရာဘူတာအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုအပ်သည့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ မိဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ နှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မော်စကိုမြို့)



ချစ်ခင်မြတ်နိုးအပ်ပါသော သူငယ်ချင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ရုရှားနိုင်ငံမှာ ထပ်မံတွေ့ဆုံခွင့်ရရှိတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ရုရှား-မြန်မာဆက်ဆံရေးဟာ ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုအပေါ်တွင် အခြေခံနေပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် တရားမျှတမှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းစေမှုတို့အပေါ်တွင် မူတည်ပါတယ်။ ၁၉၅၀-၁၉၆၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံက လူမှုရေး၊ စီးပွားရေးနဲ့ ကာကွယ်ရေးကဏ္ဍများအတွက် အကူအညီများစွာပေးခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံခေတ်က မြန်မာနိုင်ငံမှာ တည်ဆောက်ပေးခဲ့တဲ့ ကြီးမားတဲ့ အခြေခံအဆောက်အုံဖြစ်တဲ့ ဆေးရုံ၊ တက္ကသိုလ်တွေဟာ ယနေ့အထိ မြန်မာပြည်သူတွေကို အကျိုးပြုလျက်ရှိတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ အဓိကအနေနဲ့ လက်ရှိအချိန်အထိ ရုရှား-မြန်မာဆက်ဆံရေးဟာ တိုးတက်ခိုင်မာလျက်ရှိတာကို ပြောကြားလိုပါတယ်။ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်သွယ်မှုများ များစွာရှိပါတယ်၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအချင်းချင်း စနစ်တကျ ဆက်သွယ်ဆက်ဆံမှုတွေ ဆောင်ရွက်နေပါတယ်။ လုံခြုံရေးကောင်စီအကြား၊ ပါလီမန်တွေအကြား၊ ပါတီတွေအကြား တွေ့ဆုံဆွေးနွေးမှုတွေလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် စီမံကိန်းများစွာကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဒီနေ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာရေးရာ ကိစ္စရပ်တွေကိုလည်း ဒီနေ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံအစိုးရ အချင်းချင်း၊ ဌာနတွေအချင်းချင်းအကြား သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး စီးပွားရေးဆိုင်ရာ ကိစ္စရပ်တွေကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ယုံကြည်မှုရှိတဲ့ ခိုင်မာတဲ့ဌေးပေးချေမှုစနစ်ရှိပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ စွမ်းအင်ကဏ္ဍဟာ အရေးကြီးတဲ့ ကဏ္ဍဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံ စီမံကိန်းတွေရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်။ မြန်မာနိုင်ငံကို ရုရှားက LNG တင်ပို့ဖို့ အလားအလာများစွာရှိပါတယ်။ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေးအပါအဝင် အခြားနိုင်ငံတွေကိုလည်း တင်ပို့လို့ရပါတယ်။ အရင်နှစ်က မြန်မာနိုင်ငံမှာ အနုမြူဓာတ်အားပေးစက်ရုံတည်ဆောက်ဖို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစီမံကိန်းက နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းလည်းဖြစ်ပါတယ်။ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာလည်း စီမံကိန်းအများအပြား ဆောင်ရွက်ဖို့ အလားအလာရှိပါတယ်။ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ သံမဏိစက်ရုံ၊ မြေဩဇာစက်ရုံလည်း တည်ဆောက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်ပိုင်းမှာလည်း ရေနက်ဆိပ်ကမ်းတည်ဆောက်မှု စီမံကိန်းကို ဆွေးနွေးနေပါတယ်။ High-Tech နယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးနေပါတယ်။ မြန်မာနိုင်ငံရဲ့ Digital နယ်ပယ်၊ Cyber Security အစရှိတဲ့ High-Tech နယ်ပယ်မှာ ရုရှားကုမ္ပဏီတွေရဲ့ အဆိုပြုချက် အစီအစဉ်အများအပြား ရှိပါတယ်။

အာကာသပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၂၅ ခုနှစ်က နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကလည်း နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ နယ်ပယ်ဖြစ်ပါတယ်။ နှစ်နိုင်ငံဒီဇာဘင်းလွတ်ခွင့် စနစ်နဲ့ သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန် သွားလာနေကြပါတယ်။ ဗလာဒီဗော့စတော့ဖြို့မှာ ရုရှားဆိုင်ရာ မြန်မာကောင်စစ်ဝန်ရုံး မကြာမီ ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Altai၊ Kaluga၊ Moscow ပြည်နယ်တို့တွင်လည်း မြန်မာယဉ်ကျေးမှုဘာသာရေး Center ဖွင့်လှစ်ထားပါတယ်။

မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့မှာ ရုရှား Orthodox ခရစ်ယာန် ဘုရားကျောင်း ဆောက်ဖို့ အတည်ပြုထားပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို စိတ်ဝင်စားမှု မြင့်တက်လာတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ရုရှားဘာသာစကားကို ရန်ကုန်၊ မန္တလေးတက္ကသိုလ် တွေမှာ သင်ကြားပေးနေပြီး တပ်မတော်အကယ်ဒမီမှာလည်း သင်ကြားပေးနေပါတယ်။

မြန်မာနိုင်ငံက ရုရှားဆီက ပရိုဂရမ်ကို ပါဝင်ဖို့ အစီအစဉ်ရှိပါတယ်။ အခုရုရှားတက္ကသိုလ်မှာ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း အယောက် ၄၀၀ ရှိပါတယ်။ ရုရှားတက္ကသိုလ်ကနေ အောင်မြင်ပြီးတဲ့ မြန်မာကျောင်းသား ကျောင်းသူကတော့ ၁၇၀၀၀ ဖြစ်ပါတယ်။ နိုင်ငံတကာကိစ္စရပ်တွေအတွက် ရုရှားနဲ့မြန်မာရဲ့ထင်မြင်ချက်က အလွန်နီးကပ်ပါတယ်။ ရုရှား-မြန်မာက နိုင်ငံတကာအဖွဲ့တွေ ကာကွယ်ရေးဆိုင်ရာနဲ့ ပြည်တွင်းရေးစွက်ဖက်မှုတွေအတွက် အချိန်တိုင်းကန့်ကွက်နေပါတယ်။ ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုက ကောင်းစွာတိုးတက်နေပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရုရှား-မြန်မာ စက်ဘက်လေ့ကျင့်မှု မကြာခဏ ဆောင်ရွက်နေပါတယ်။ ရုရှားရေတပ်သင်္ဘောတွေ မြန်မာပြည်ကို မကြာခဏလာရောက်ခဲ့ပါတယ်။ ဒီနေ့လာရောက်တဲ့ သမ္မတကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ သမ္မတကြီး ဦးမင်းအောင်လှိုင်က ရုရှားရောက်တဲ့အချိန်မှာ အစီအစဉ်တွေ အများအပြားရှိပါတယ်။ ရုရှားဝန်ကြီးချုပ်၊ ဒုဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံမှုအပြင် အခြားဌာနတွေနဲ့ တွေ့ဆုံဖို့ အများကြီးရှိနေပါတယ်။ ဒါ့အပြင် အဆွေတော် ဦးမင်းအောင်လှိုင်က ဒုးမားပြည်နယ်ကိုလည်း ခရီးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒုးမားပြည်နယ်က ရုရှားရဲ့ ဗုဒ္ဓဘာသာနယ်မြေတစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးမှုသည် ရုရှား-မြန်မာပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးအတွက် အထောက်အကူများစွာပေးမယ်လို့ မျှော်လင့်ပါတယ်။ လေးစားအပ်သော လူကြီးမင်းများကို ကျေးဇူးတင်ပါတယ်။

အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များအားလုံး မင်္ဂလာပါ ခင်ဗျာ-

ကျွန်တော့်အနေနဲ့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို တရားဝင် ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ရုရှားနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ (၇၈)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက် အစောဆုံး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံတွေဖြစ်ကြပြီး အပြန်အလှန် နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာ-ရုရှားဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီးပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုဟာ နှစ်နိုင်ငံဆက်ဆံရေးမြင့်တင်ဖို့အတွက်လည်း အဓိက တွန်းအားတစ်ရပ်ဖြစ်ပါတယ်။ သမ္မတကြီး ပူတင်နဲ့ ကျွန်တော်တို့ ယနေ့တွေ့ဆုံမှုဟာ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်နေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဖြင့်တင်သွားဖို့အတွက် ကြီးမားတဲ့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားတဲ့ ကိစ္စရပ်တွေ၊ သဘောတူညီချက်တွေအပေါ် အကောင်အထည်ဖော်မှု အခြေအနေနဲ့ ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ကာ ရရှိပြီးတဲ့တိုးတက်မှုတွေကို ထိန်းသိမ်းသွားဖို့နဲ့ ဆက်လက်တိုးမြှင့်သွားဖို့အတွက်လည်း ဆွေးနွေးသဘောတူညီနိုင်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနဲ့ ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်လို့ ကျွန်တော်တို့ အစိုးရ နှစ်ရပ်အကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ယခုနှစ် ဧန်နဝါရီလအတွင်းက စတင်အသက်ဝင်ခဲ့ပြီးဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်မယ့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ယခုခရီးစဉ်အတွင်းမှာ သဘောတူစာချုပ်/နားလည်မှု စာချွန်လွှာ ၁၂ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ကဏ္ဍပေါင်းစုံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွေချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြတဲ့ နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေအပေါ်မှာလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်မှာလည်း မိမိတို့ နှစ်နိုင်ငံဟာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားဖို့ ဆွေးနွေးသဘောတူခဲ့ကြပါတယ်။

သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ -

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျတဲ့နေရာမှာ တည်ရှိတဲ့နိုင်ငံဖြစ်တဲ့အပြင် အနီးအနားမှာလည်း ကြီးမားတဲ့ စွမ်းကွက်ကြီးရှိသလို သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားသာမက ကောင်းမွန်ပြီး သမမျှတတဲ့ ရာသီဥတုလည်းရှိပါတယ်။ ဒါ့အပြင် မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်ခုလည်း ရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ရုရှားနိုင်ငံရဲ့ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးမှတစ်ဆင့် ထပ်မံဖိတ်ခေါ်လိုပါတယ်။ မနက်ဖြန်မှာလည်း မြန်မာနှင့် ရုရှားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တစ်ခုကိုလည်း ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။

သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ -

မိမိတို့နိုင်ငံနဲ့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာစေဖို့အတွက် မိမိအနေနဲ့ သမ္မတကြီး ပူတင်၊ ရုရှားအစိုးရနဲ့ ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့ ထပ်လောင်းဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၈

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒူးမားလွတ်တော် ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးဝိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွတ်တော်ဥက္ကဋ္ဌနှင့် အတူ ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool နှင့် လွတ်တော်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ဒူးမားလွတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်နောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် ဒူးမားလွတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ဆောင်ရွက်ရာတွင် သာဝူညီမျှမှု၊ အပြန်အလှန် လေးစားမှု၊ ပြည်တွင်းရေးဗဟိုဖက်မှုများကို အခြေခံပြီး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လွတ်တော်များအကြား အပြန်အလှန်လေ့လာရေး ခရီးစဉ်များ ဆောင်ရွက်၍ အတွေ့အကြုံများ ဖလှယ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ အချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွတ်တော်များနှင့် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက် တင်မြှောက်ထားသည့် အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုနှင့် ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် နိုင်ငံခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ရုရှားနိုင်ငံ အပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များ လာရောက် လေ့လာခဲ့မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမှု အခြေအနေများ၊ နှစ်နိုင်ငံလွတ်တော်နှစ်ရပ် အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သမ္မတက ဒူးမားလွတ်တော်ဥက္ကဋ္ဌနှင့် အဖွဲဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူများ၏ လှုမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်တီနည်းပညာအသုံးချမှုများ ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ရန်လို

နေပြည်တော် ဩဂုတ် ၁၈

ပြည်သူများ၏ လှုမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်တီနည်းပညာအသုံးချမှုများ ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယနေ့တွင် ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ကွန်ပျူတာတက္ကသိုလ်(ပြည်) စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေးကြည့်ရှုစစ်ဆေး၍ သုတေသနလုပ်ငန်းများနှင့် ပရောဂျက်များကို ကြည့်ရှုအားပေးပြီး တွေ့ဆုံပွဲတွင် ယင်းသို့တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ အစိုးရနည်းပညာ အထက်တန်းကျောင်း(ပြည်)ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယမန်နေ့ကလည်း ပြည်နည်းပညာတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားသင်ယူမှု အခြေအနေတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်နယ်ပယ်အလိုက် ဆောင်ရွက်နေသော ပရောဂျက်များကို ကြည့်ရှုအားပေးကာ တက္ကသိုလ် ပရဝုဏ်နှင့် ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးနှင့် သင်ကြားသင်ယူရေး ဆောင်ရွက်နေသော စာသင်ခန်းများ၊ ကွန်ပျူတာခန်းများ၊ Lab များ၊ အလုပ်ရုံများ၊ စာကြည့်တိုက်၊ ကန်တင်းနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြည်) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ပင်မဆောင်၊ သံကူကွန်ကရစ်သုံးထပ် စာသင်ဆောင်နှင့် လေးထပ်သံကူကွန်ကရစ် ဆရာ ဆရာမဆောင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin နှင့် ရုရှား အစိုးရအဖွဲ့ အိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသ အေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မြန်မာ – ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အာရှ၊ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသအတွက် အရေးပါသည့် မိတ်ဖက်မဟာမိတ်နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ (၁၄)ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံး နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ရှည်လျားကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများရှိကာ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားတန်ဖိုးထားမှုများကို ခိုင်မာစွာဖော်ညွှန်း ပြသလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအကျိုးအတွက် ခိုင်ခိုင်မာမာထောက်ခံ ရပ်တည်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးများ ပိုမိုကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရများ၏ ကောင်းမွန်သော ဆက်ဆံရေးသာမက ရုရှားနိုင်ငံဖက်ဒရယ်ပြည်နယ်များနှင့်လည်း ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်လာနိုင်ပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့် ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ရေး အပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအစိုးရတို့အကြား **“ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်”**ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့်အာကာသသိပ္ပံနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့်ပူးပေါင်း ရွေးချယ်လေ့ကျင့်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ဂြိုဟ်တုနှင့် အာကာသနည်းပညာများကို စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အပါအဝင် အခြားလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးချနိုင်ရန်အတွက် မြန်မာအာကာသအေဂျင်စီက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရှိ အာကာသအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အသေးစားနျူကလီးယား လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ရေထွက်ပစ္စည်းများ ယခုထက်ပိုမိုတင်ပို့နိုင်ရေး အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❛ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့် ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး ❜



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustin တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချအလေးပြု



နေပြည်တော် သြဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချ၍ အလေးပြုသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရဖွဲ့ဝင်ရာထူးရှိသူများနှင့် မော်စကိုမြို့ စစ်ဘက်ဆိုင်ရာအကြီးအကဲတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွှမ်းသူပန်းခွေအား သယ်ဆောင်ပြီး နိုင်ငံတော်သမ္မတက အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချ၍ ကျဆုံးလေပြီးသော သူရဲကောင်းများအား ရည်စူး၍ တစ်မိနစ်ငြိမ်သက်အလေးပြုကြသည်။ ထိုသို့ လွှမ်းသူပန်းခွေချအလေးပြုပြီးချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းအား တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



လွှမ်းသူပန်းခွေချ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူပန်းခွေချရန် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွှမ်းသူပန်းခွေအား သယ်ဆောင်လာစဉ်။

❐ ကျောဖုံးမှ

ယခုကာလဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန်နှင့် ဇူလိုင်လတို့အတွင်း တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုအခြေအနေ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ နယ်စပ်စစ်ဆေးရေးဂိတ်များ စည်းကမ်းစနစ်တကျ စစ်ဆေးဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်ငွေပို့ဆောင်နေမှုများအပေါ် ဥပဒေနှင့်အညီ တားဆီးစစ်ဆေးအရေးယူနိုင်ရန် ကိစ္စရပ်များ၊ ကုန်သွယ်မှု လမ်းကြောင်းများတစ်လျှောက် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိအသုံးပြုနေသည့် ကုန်သေတ္တာ E-Lock စနစ်ကို ကုန်သွယ်မှုလမ်းကြောင်းအားလုံး အသုံးပြုနိုင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယခင်ဦးဆောင်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန့်တို့က ဝန်ကြီးဌာနအလိုက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငြိစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ တက်ရောက် လာသူများက အထွေထွေ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည် သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို မှာကြားဖြည့်စွက် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် သြဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကံဘဲဓမ္မရိပ်သာ ကျောင်းတိုက်၌ လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးနေရှိုင်းနှင့် အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်တို့က အမှာစကားပြောကြားသည်။ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေး၊ ရေစီးရေလာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုအခြေအနေများကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးကြသည်။



ထို့နောက် ဒေသခံပြည်သူများက မိမိတို့ရပ်ကွက်အတွင်း ကြုံတွေ့နေရသည့် လမ်းပျက်စီးမှု၊ အမှိုက်သိမ်းဆည်းရေး၊ ဆရာ ဆရာမ လိုအပ်မှု၊ ရေမြောင်းရေလျှံမှု၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်စည်းကမ်း၊ Wi-Fi ကြိုးများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

အမရပူရမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

အမရပူရ သြဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သြဂုတ် ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

လဲ့လဲ့ခိုင်(အမရပူရ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ပုသိမ် ဩဂုတ် ၁၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်လွဲပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရှိ Banquet Hall ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များ အပေါ်မူတည်၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်သည် မဏ္ဍိုင်အသီးသီးတွင် ဦးစီး၊ ဦးဆောင်ပြုမည့် သူများအား ရွေးချယ်ပေးခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းညှိဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူ့ဆန္ဒများကို ဖော်ဆောင်ပေးရသည့် ကြားခံမဏ္ဍိုင် တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ရသည့်သူများဖြစ်သည့် အတွက် မြင့်မြတ်သည့်တာဝန်ကို ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စေရန်မှာ လွှတ်တော်တွင်ဖွဲ့စည်းထားသော ကော်မတီများ၏ စွမ်းဆောင်ချက်များအပေါ် မူတည်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်အတွက် အဓိကကျသည့်မဏ္ဍိုင်များပင် ဖြစ်ပါကြောင်း။



လွှတ်တော်၏အခန်းကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် မဟာဗျူဟာစီမံချက်များချမှတ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်သီးခြားသတ်မှတ်၍ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူထုလူတန်းစားအသီးသီးက လွှတ်တော်ကို ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ ထိတွေ့ နိုင်ရေးအတွက် လွှတ်တော်သို့လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းနည်းလမ်းများ၊ အွန်လိုင်း မီဒီယာ၊ printed media နည်းလမ်းများကိုအသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏တံခါးဖွင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်အနေဖြင့် open parliament day သတ်မှတ်ပြီး ကျောင်းသားလူငယ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပြည်သူများ လွှတ်လပ်စွာလာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ် ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ လူငယ်အဖွဲ့ အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများ အနေဖြင့် လွှတ်တော်သို့လာရောက်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် Join Parliament အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်ကို ပြည်သူများ သိရှိလာပြီး ပြည်သူပိုမိုယုံကြည်အားကိုးသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ကြိုးစားဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင် သည့်ကာလတွင် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက် ပြီး အရွေ့တစ်ခုသို့ရောက်ရှိအောင် ဆောင်ရွက်သွား ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုး တိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စျေးနှုန်း ကျဆင်းရေးဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ စဉ်းစားပြီး လွှတ်တော်အတွင်းမှ ဆောင်ရွက်ပေး ရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးဆောင်ရွက် ကြစေလိုပါကြောင်း၊ ကော်မတီအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုရေး အတွက် လိုအပ်သောအချက်အလက် အထောက် အထားများနှင့် ကောင်းမွန်သောအကြံပြုချက်များရရှိ လာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံ၏ လိုအပ် ချက်များကို လွှတ်တော်အနေဖြင့် ထဲထဲဝင်ဝင်လေ့လာ သုံးသပ် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ပြီးပြည့်စုံ သော လွှတ်တော်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက် ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်၏ တတိယအကြိမ်ပုံမှန်အစည်းအဝေး ကျင်းပနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လမ်းပန်းဆက်သွယ် ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များဆိုင်ရာကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ်နေသည့်ကိစ္စရပ်များကို တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထား သည့် ရေးရာကော်မတီများ၏ဥက္ကဋ္ဌများ၊ အတွင်း ရေးမှူးများနှင့်တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှုပြုကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ခန်းမကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

သတင်းစဉ်



တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပ

တောင်ကြီး ဩဂုတ် ၁၈

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးတို့က ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၄ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း၀င်များက ပြန်လည် ဖြေကြားကြသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၃၇ ဘဏ္ဍာနှစ် ဖြည့်စွက် ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စား လှယ်တစ်ဦးက ဆွေးနွေးပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စီစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်က လွှတ်တော်သို့ ဖတ်ကြားတင်ပြ၍ ၎င်းဖြည့်စွက်ခွင့်ပြုရန်ပုံငွေ စာရင်းနှင့်စပ်လျဉ်းပြီး ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းက ဆွေးနွေး ရှင်းလင်းကာ လွှတ်တော်၏အတည် ပြုချက်ကို ရယူခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစည်းအဝေး ကျင်းပ

ဟားခါး ဩဂုတ် ၁၈

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် ချင်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ နှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိ ချက် အစီရင်ခံစာအပေါ် ပြည်သူ့ ငွေစာရင်းကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သုံးသပ်ချက် အစီရင်ခံစာကို တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးစောထွန်း က တင်ပြပြီး ချင်းပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ နှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိ ချက် အစီရင်ခံစာကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြု မှတ်တမ်းတင်သည်။

ထို့နောက် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယကနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၁၈

အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ပိုင်းမော်မြို့နယ်အခြေစိုက် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယက ဦးဘီထောဓောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လွတ်တော်အဆောက်အအုံ အမျိုးသားလွတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့တောင်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဒေါ်ခြဲဘူ၊ လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမျိုးသားလွတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



အိန္ဒိယသမ္မတနိုင်ငံနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် သြဂုတ် ၁၈

အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပြောကြား

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur တို့က အမှာစကား ပြောကြားသည်။



ထို့နောက် အိန္ဒိယသံအမတ်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကာ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကူညီထောက်ပံ့ပေးရေးပစ္စည်းများ ထားရှိရန် ၁၃၀'x၃၀'x၂၄' RC နှစ်ထပ်သို့လှောင်ရုံ တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုစေမည့်ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအတွက် အရေးပေါ်လိုအပ်ချက်ပစ္စည်းများ သိုလှောင်ထားရှိပြီး လိုအပ်မှုရှိတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးအဋ္ဌမနေ့ ဆက်လက်ကျင်းပ

မုံရွာ သြဂုတ် ၁၈

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးအဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်း ကစစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော် အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ စတင်ကျင်းပကြောင်း ကြေညာသည်။



အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသည့် မေးခွန်း ၁၀ ခုကို လွှတ်တော် ကိုယ်စားလှယ်ကိုးဦးက မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြေကြားကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးနဝမနေ့ကို သြဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ်ရှိ လေမှုတ်စက်ရုံကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ဘည်းမော်ကွန်းကြေးပြားတပ်ဆင်

ရန်ကုန် သြဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ နှစ်ပေါင်း(၁၃၈)နှစ်သက်တမ်းရှိ လေမှုတ်စက်ရုံကို ယနေ့မွန်းလွဲပိုင်းက ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ဘည်းမော်ကွန်းကြေးပြားတပ်ဆင်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကမ္ဘည်းမော်ကွန်း ကြေးပြားတပ်ဆင်ခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာ စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဟိုတယ်ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့က ကမ္ဘည်းမော်ကွန်း ကြေးပြားတပ်ဆင်ပေးကာ အမွေးနှံသာရည်များဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ဓွဲထက်ကို(ပြန်/ဆက်)**



နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ကြံခင်းမြို့နယ်၌ မြစ်ရေဝင်ရောက်ဒေသများမှ တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံ

ကြံခင်း သြဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာအုပ်စုများမှ တိရစ္ဆာန်များအား ယနေ့နံနက်ပိုင်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးဖွဲ့ဖြင့် ကူးစက်ရောဂါမကျရောက်စေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းကို ဦးဆောင်၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးဖွဲ့ခွဲကာ ရေလယ်ကျွန်းကျေးရွာအုပ်စု၊ သောကြာဒူးကျေးရွာအုပ်စု၊ ဆုံလဲအုပ်စု၊ ထန်းတစ်ပင်ကျေးရွာ၊ မဲကုန်းအုပ်စု၊ ကဇင်ကြီးကျေးရွာနှင့် မြို့မအလယ်ကျွန်းကျေးရွာစသည့် ကျေးရွာ ၁၄ ရွာရှိ နွားကောင်ရေ ၂၇၅ ကောင်၊ ဝက် ၂၅၈ ကောင်၊ ဆိတ် ၁၅၀ တို့အား ကုသပေးခြင်းနှင့် ပေါင်ပုပ်/လက်ပုပ် ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး မန္တလေးတိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် သြဂုတ် ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရမည်းသင်းခရိုင် သစ်တောဦးစီးဌာနရုံးနှင့် မိတ္ထီလာမြို့ရှိ မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတို့တွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများကို သွားရောက် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် သယံဇာတများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ ကျောက်ဆည်မြို့ရှိ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးနှင့် ပုသိမ်ကြီးမြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတို့တွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အဖြတမ်းဗျိုးဥယျာဉ်၌ ဗျိုးပင်များ ဗျိုးထောင်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



လူမျိုးအမည်ပြင်ဆင်သတ်မှတ်နိုင်ရေးနှင့် ကချင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

နေပြည်တော် သြဂုတ် ၁၈



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လော်ဝေါစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးရှိုးဇော်ဟောင်းခေါင်နှင့် အဖွဲ့ဝင်များ၊ လချိုဒဲစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဇုန်းဘောမ်နှင့် အဖွဲ့ဝင်တို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ သီခြားစီတွေ့ဆုံ၍ ၎င်းတို့၏ လူမျိုးအမည် ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် အညီ အဆင့်ဆင့် တင်ပြဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့ပြင် ကချင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပပြီး ပြည်ထောင်စုဝန်ကြီးက ဌာနအလိုက် ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီဝင် အချင်းချင်း အမြဲမပြတ်ညှိနှိုင်းပေါင်းစပ်ကာ အချိန်နှင့်အမျှ မှန်ကန်သည့် လူဦးရေစာရင်း အတည်ပြုပေးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူဦးရေစာရင်းများ ပြုစုရာတွင် မြို့နယ်ဦးစီးမှူးရုံးများရှိအိမ်ထောင်စု လူဦးရေစာရင်းကို အခြေခံပြုစုရသည့်အတွက် အိမ်ထောင်စုလူဦးရေ စာရင်းပါ အချက်အလက်များ မှန်ကန်ရန် လိုအပ်ပါကြောင်း၊ လူဦးရေအတိုးအလျော့၊ ပြောင်းဝင် ပြောင်းထွက်၊ သေဆုံးပယ်ဖျက် စာရင်းများကို သတ်မှတ်ချက်နှင့် အညီ ကာယကံရှင်က ဆောင်ရွက် ပေးရန် လိုအပ်သကဲ့သို့ ကော်မတီ အဆင့်ဆင့်ကလည်း သက်ဆိုင်ရာ ရုံးများသို့ အသိပေးဆောင်ရွက်နိုင် ရေးနှိုးဆော်ကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတည်ပြုလူဦးရေ စာရင်းများကို သတ်မှတ်ကာလအတိုင်း အဆင့်ဆင့် အတည်ပြု၍ ဗဟိုကော်မတီသို့ ပေးပို့နိုင်ရေးကြိုတင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြ စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ဗဟို ကော်မတီ၏ ညွှန်ကြားချက်များနှင့် အညီ ပြည်နယ်အတွင်း မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့် နှင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေး တင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ကော်မတီအဆင့်ဆင့်၏ လုပ်ငန်း တာဝန်များ အောင်မြင်စွာဆောင်ရွက် နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည့် အခြေအနေ များနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကချင်ပြည်နယ်ဦးစီးမှူးရုံး ပန်းခင်း ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် ဦးစီးမှူး ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျုံပျော်မြို့၌ ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး

ကျုံပျော် သြဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒါးကချောင်းရေမြင့်တက်မှုကြောင့် ရေဝင်နစ်မြုပ်နေသောလမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို သြဂုတ် ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

စစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများ လာရောက်စစ်ဆေးခဲ့ကြပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာမှူးတို့က ရှင်းလင်း တင်ပြကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ခြင်နှင့် အန့်အသက်ဆိုးများ ကင်းဝေးပြီး သန့်ရှင်းမှုရှိစေရေးအတွက် အမှိုက်များစနစ်တကျ သိမ်းဆည်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် သြဂုတ် ၁၈



နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုမိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်း ပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်ကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အက အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို ကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော် သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရှေ့တန်းပြန်တပ်မတော် သားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု ကြိုဆိုပွဲများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် အတွင်းရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံး များ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အက အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများ အား ဂုဏ်ပြုအမှာစကား ပြောကြား ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ ကြောင်း သိရသည်။ သတင်းစဉ်

မိုးရွာသွန်းမှုများကြောင့် ဆင်သေချောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ပုံမှန်အတိုင်းသွားလာနိုင်ရေး ပြင်ဆင်ထားရှိ

နေပြည်တော် သြဂုတ် ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မိုးရွာသွန်းမှုများကြောင့် ဆင်သေချောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက နွယ်ရစ်ကျေးရွာချင်းဆက်လမ်းမှ ရန်ကုန်–မန္တလေး (လမ်းဟောင်း)သို့လည်းကောင်း၊ ဂါတ်ကုန်း–ဂါတ်ချိုင်း ကျေးရွာချင်းဆက်လမ်းမှ ပုဗ္ဗသီရိမြို့ပတ်လမ်းများသို့လည်းကောင်း ပုံမှန်အတိုင်းသွားလာနိုင်ရေး ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထိုသို့ ပြင်ဆင်ထားရှိမှုများနှင့် မိုးရွာသွန်းမှုကြောင့် ဆင်သေချောင်းရေမြေင့်တက်လာမှုအခြေအနေများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ချောင်းဘေးဝဲ/ယာရှိ ကျေးရွာများအတွင်း ရေဝင်ရောက်မှုမရှိစေရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမရှိစေရေး လိုအပ်သည့်



ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအဝင် ဆင်သေချောင်းကူးတံတား တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြီးရေလျှံမှုလျော့ပါးစေရေးနှင့် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအစီအမံများ၊ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆင်သေချောင်းကူး (ရွှေမြို့ကျေးရွာအင်) ဘေလီတံတား ပေ ၉၅၀ တည်ဆောက်ခြင်း (ပထမပိုင်း)စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘေလီတံတားပြီးစီးမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒဂုံဇာ)



ဝဏ်တာနီမှ်ကျမှူအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် သြဂုတ် ၁၈

ဝဏ်တာနီမှ်ကျမှူအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေး Steel Sheet Pile ရိုက်သည့်စက်ရေယာဉ်တွဲများအပါအဝင် Jumbo Bags အား ကရိန်းအသုံးပြု၍ လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo-bags ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့် လည်းကောင်း၊ မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ရေဝင်လမ်းကြောင်း ပိတ်ဆို့မှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် သရက်ကန်ကျေးရွာ၌ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်း ဖေးမကူညီရင်း ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်အကူအညီများကို ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူက ရွှေအန္တရာယ်၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး ရေဘေးရှောင် ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံ၍ ဟသံတမြို့ ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန်က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယနေ့ နံနက်ပိုင်းကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများ အတွက် Wilmar Myanmar (ဝဲလ်မာမြန်မာ) လီမိတက်နှင့် National Infrastructure Holding ကုမ္ပဏီ လီမိတက်တို့ပူးပေါင်း၍ ငွေကျပ် ၁၆၃၇ သိန်းကျော် တန်ဖိုးရှိ ခြံစောင်အထည် ၁၀၀၀၊ ကုလားပဲ 30kg အိတ် ၆၅၀၊ ဟင်းချိုမှုန့်အထုပ် ၁၀၀၀၊ ငါးပိချက်အထုပ် ၃၈၀၀ နှင့် အလှူငွေကျပ် သိန်းငါးရာတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းကလည်း လေးမျက်နှာမြို့နယ် အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းက ရေသန့်ကတ် ၅၀၀ နှင့် Galaxy Red Star ကုမ္ပဏီလီမိတက်တို့က ရေသန့်ကတ် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်၌ ရေဝင်ရောက်မှုဖြစ်ပွားကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဏ်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ ငပိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်ဆောင်ရွက်

ထို့ပြင် ဝဏ်ပန်းတာမှ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile(သံမဏိတိုင်များ) ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မိုင်းရယ်မြို့၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ထားမှုများ ရှင်းလင်း

မိုင်းရယ် သြဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးဌာနကဦးစီး၍ အမှတ်(၁)ရပ်ကွက် သုသာန်သွား လမ်းဘေးဝဲယာ၌ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ထားမှုများကို ယမန်နေ့မှစ၍ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စွန့်ပစ်အမှိုက်များ ရှင်းလင်းနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသီဟသူနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အမှိုက်များ စည်းကမ်းမဲ့ ပြန်လည်စွန့်ပစ်ခြင်းမရှိစေရေးနှင့် စည်ပင်သာယာရေးဥပဒေများဖြင့် အရေးယူဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကချင်ပြည်နယ်အတွင်း မိုးစပါးတင်း ၉၀၀၀၊ ပဲပုပ်မျိုးစေ့တင်း ၂၀၀ တို့အပြင် တနိုင်းခရိုင်နှင့် ပူတာအိုခရိုင်အတွက် ဆီမုန်ညင်းတင်း ၁၀၀၀ ဖြန့်ဖြူးပေးထား



မြစ်ကြီးနား သြဂုတ် ၁၈

၂၀၂၆-၂၀၂၇ ခုနှစ် စိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်အတွင်းရှိ တောင်သူများအတွက် မိုးစပါး တင်း ၉၀၀၀၊ ပဲပုပ်မျိုးစေ့တင်း ၂၀၀ တို့အပြင် တနိုင်းခရိုင်နှင့် ပူတာအိုခရိုင်တို့အတွက် ဆီထွက်သီးနှံ ဆီမုန်ညင်း တင်း ၁၀၀၀ ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ကျင်းပသည့် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေး ကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ကချင်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ မိုးပဲပုပ်မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား ယူရီးယားမြေဩဇာနှင့် ပဲပုပ်မျိုးစေ့များကို အခမဲ့ ထောက်ပံ့ပေးထားကြောင်း၊ စပါးမျိုးစေ့ချကိရိယာနှင့် မိုးစပါးမျိုးစေ့ချကိရိယာတို့ကို အခမဲ့ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် သမဝါယမအသင်း လိမ်တက်များမှ စားရေရိက္ခာဖူလုံရေးနှင့် စားဆီဖူလုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မိရိုးဖလာ စိုက်ပျိုးမွေးမြူနည်းစနစ်အား ပြောင်းလဲနိုင်ရမည့် ကိစ္စရပ်များနှင့် သက်ဆိုင်ရာခရိုင်အလိုက် စားရေရိက္ခာ ဖူလုံရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

ကချင်ပြည်နယ် အတွင်းရှိ တောင်သူများအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှပေးပို့သော ယူရီးယားမြေဩဇာတန်ချိန် ၄၅၀၊ အိတ်ပေါင်း ၉၀၀၀ အနက် မြစ်ကြီးနား ခရိုင်အတွက် ၄၇၉၇ အိတ်တွင် ၃၁၈၇ အိတ်ကိုလည်းကောင်း၊ မိုးညှင်းခရိုင်အတွက် ၄၂၀၃ အိတ် တွင် ၄၁၇၃ အိတ်ကိုလည်းကောင်း ဖြန့်ဖြူးထားရှိပြီး ကျန်ရှိနေသာ ဓာတ်မြေဩဇာ ၁၆၃၆ အိတ် ဆက်လက် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန့်/ဆက်)



အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

ပုသိမ် သြဂုတ် ၁၈

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ရောင်းချပေးခြင်းကို ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဝန်ထမ်းတစ်ဦးလျှင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံးတို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)



ဇီးကုန်းမြို့နယ်၌ စားအုန်းဆီများ ဈေးနှုန်းမြင့်တင် ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

ဇီးကုန်း သြဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြည်သူများအား ဖြန့်ဝေနေသော စားသုံးဆီလက်လီ/လက်ကားဆိုင်များသို့ ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စားအုန်းဆီများ၊ ဘူးသွပ်ဆီများအား အမှန်တကယ်ရောင်းချနေမှုအခြေအနေ၊ ဝယ်ယူမှုအခြေအနေများ၊ စီးဆင်းမှုလမ်းကြောင်း၊ ရောင်းချနေသောဆိုင်အမျိုးအစားနှင့် ဈေးနှုန်း၊ တရားမဝင်ဘူးသွပ်ဆီများရောင်းချမှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အုတ်ဖိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

အုတ်ဖို သြဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာအထက (အေးမြသာယာ)တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ ၁၀၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ယနေ့နံနက်ပိုင်းက ထုတ်ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)



မုဒုံမြို့နယ်၌ စပါးမျိုးစမ်းသပ်ကွက် သုတေသနစိုက်ခင်းများ မြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

မော်လမြိုင် သြဂုတ် ၁၈

ဆန်စပါးသည် ပြည်သူများ၏ အဓိက စားသုံးသီးနှံဖြစ်ရုံသာမက နိုင်ငံခြားပို့ကုန်များအနက် အရေးကြီးသော ပို့ကုန်တစ်ခုဖြစ်ရာ သုတေသန လုပ်ငန်းများက များကောင်းများသန့်၊ ဖြန့်ဖြူးပေးခြင်းအပြင် ရလဒ်များကို လက်တွေ့ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချနိုင်အောင် ဆောင်ရွက်ပေးရန် မှန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မုဒုံမြို့နယ် စပါးမျိုးစမ်းသပ်ကွက် သုတေသနစိုက်ခင်းများ ပြုစုစောင့်ရှောက်ခြင်းနှင့် မြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲတွင် တိုက်တွန်းပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ဗဟိုမျိုးသန့်ခြံ၌ ကျင်းပပြီး ဗဟိုမျိုးသန့်ခြံတာဝန်ခံက မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှုနှင့် ပြည်နယ်မျိုးစေ့တာဝန်ခံက စပါးသီးနှံ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးသန့်လွှမ်းမိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က စပါးမျိုးဗဟိုဌာနခွဲများ ပြုစုစောင့်ရှောက်ခြင်းနှင့် မြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြမှုကိုကြည့်ရှုအားပေးသည်။

ထို့ပြင် မော်လမြိုင်မြို့ အမှတ် (၈)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းကျန်းမာရေးနှင့် အာဟာရရက်သတ္တုပတ်လုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ပြီး KG ကျောင်းသား ကျောင်းသူများအား အာဟာရ ပြည့်ဝသည့် အစားအစာများ ကျွေးမွေးနေမှု၊ သံဓာတ်နှင့် ဗီတာမင်ဆေးဝါးများ တိုက်ကျွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အလားတူ မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ဖွံ့ဖြိုးတိုးတက်ရေး အောက်စီ၏ အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး သွင်းအားစုများ တင်သွင်းမှု လျော့ချရေး၊ ဒေသတွင်းထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှု ခေါင်းစဉ်များဖြင့် ဆွေးနွေးနေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံထုတ်ကုန်များကို အဆင့်မီထုတ်လုပ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှု စွမ်းအား မြှင့်တင်ရေးမှာကြားခဲ့ကြောင်းသိရသည်။

စည်သူ(ပြန်/ဆက်)

ကော့ကရိတ်မြို့၌ နေရပ်ပြန်ပြည်သူများအား တိရစ္ဆာန်(ဒေသဝက်၊ကြက်၊ဆိတ်)များ ထောက်ပံ့ပေးအပ်

ကော့ကရိတ် သြဂုတ် ၁၈

ကော့ကရိတ်မြို့အတွင်းရှိ နေရပ်ပြန်အိမ်ထောင်စု ၆၈ စုတို့အား တိရစ္ဆာန်(ဒေသဝက်၊ ကြက်၊ ဆိတ်)များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက် ဒေါနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာကျော်လွင်က နေရပ်ပြန်ပြည်သူများထံ တိရစ္ဆာန်များထောက်ပံ့ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝက် ၃၅ ကောင်၊ ဆိတ် ၁၅ ကောင်၊ ကြက် ၁၈၀ ကို နေရပ်ပြန်အိမ်ထောင်စုများအား တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝက်များတွင်ဖြစ်ပွားတတ်သည့်လက္ခဏာများ၊ အယ်နီညိုဖြစ်စဉ်ကြောင့် မွေးမြူရေးကဏ္ဍတွင် ကြုံတင်ပြင်ဆင်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်တို့တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်သွားမည်

လွိုင်ကော် သြဂုတ် ၁၈

ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်တို့တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျ တာဝန်ပေးထားပြီး ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်က ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၆)တွင် ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ ရောက်ရှိတာဝန်ထမ်းဆောင်နေမှု၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုနှင့် ပြည်သူများ ပြန်လည် ဝင်ရောက်နေထိုင်မှု၊ မိုင်းရှင်းလင်းခြင်းလုပ်ငန်းနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ တွန်းအားပေးကြီးကြပ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုဖလား အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မကွေး သြဂုတ် ၁၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး အခြေခံပညာရေးမိသားစုဖလား အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ည နေပိုင်းက တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အခြေခံပညာ မကွေးမြို့နယ် U-14 လက်ရွေးစင် ဘောလုံးအသင်းနှင့် ကိုယ်ပိုင်ကျောင်းပေါင်းစု U-14 လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးကြကာ ပြိုင်ပွဲအပြီးတွင် ကိုယ်ပိုင်ကျောင်းပေါင်းစု U-14 လက်ရွေးစင်ဘောလုံး အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆု၊ အကောင်းဆုံးအားကစားသမား ဆုရရှိကြသူများနှင့် ဆုရရှိကြသည့် အသင်းများအား တစ်ဦးချင်းဆွဲပြား၊ ဆုဖလားနှင့် ငွေသားဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)





ပေါင်းတည်မြို့နယ်၌ စားအုန်းဆီများ စျေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ပေါင်းတည် သြဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စားသုံးသူပြည်သူများအား ဖြန့်ဝေရောင်းချပေးလျက်ရှိသည့် စားအုန်းဆီ လက်လီလက်ကား ကိုယ်စားလှယ်ဆိုင်များသို့ တာဝန်ရှိသူများက သြဂုတ် ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောကာစိုးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မူးပေါင်း၍ စားအုန်းဆီနှင့် ဘူးသွတ်ဆီများ အမှန်တကယ် ရောင်းချနေမှု၊ ဝယ်ယူနေမှုအခြေအနေများ၊ ကုန်စည်စီးဆင်းမှုအခြေအနေများ၊ ရောင်းချသည့်ဆီအမျိုးအစားနှင့်စျေးနှုန်းအခြေအနေများ၊ စျေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပေါင်းတည်(ပြန်/ဆက်)

လက်ပံတန်းမြို့နယ်၌ ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှုပြုလုပ်

လက်ပံတန်း သြဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်လဲ့က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ခေဝင်းက ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အသိပညာပေးပြောကြားကာ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ဥမ္မာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား သန်ရှင်းဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်၌ အွန်လိုင်းမှလျှပ်စစ်မီတာလျှောက်ထားလာသည့် နေအိမ်များအား လျှပ်စစ်မီတာများတပ်ဆင်ပေး

ပျဉ်းမနား သြဂုတ် ၁၈

ပျဉ်းမနားမြို့နယ်အတွင်း အွန်လိုင်းမှတစ်ဆင့် လျှပ်စစ်မီတာလျှောက်ထားလာသည့် နေအိမ်များအား လျှပ်စစ်မီတာများတပ်ဆင်ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်ထွန်းကျော်နှင့် မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက ပျဉ်းမနားမြို့ ဦးကျေးရပ်ကွက်အတွင်းရှိ အွန်လိုင်းမှတစ်ဆင့် လျှပ်စစ်မီတာလျှောက်ထားလာသည့် နေအိမ်များအား အိမ်သုံးလျှပ်စစ်မီတာများကို သွားရောက်တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပေါင်မြို့နယ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းနှစ်သင်းအား နိုင်ငံစီးပွားမြှင့်တင်ရေး မတည်ငွေပေးအပ်

ပေါင် သြဂုတ် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းနှစ်သင်းအား နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလိုင်က အမှာစကား ပြောကြားပြီး မြို့နယ်အဆင့် နိုင်ငံစီးပွားရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်က နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများကို စိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းနှစ်သင်းသို့ ငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

နေပြည်တော် သြဂုတ် ၁၈

လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် လမ်းအသုံးပြုသူများအတွက် လမ်းအန္တရာယ်ကို သတိပေးခြင်း၊ လမ်းစည်းကမ်းများဖြင့် တားမြစ်ကန့်သတ်နိုင်ခြင်း တို့ကြောင့် အသက်ကယ်ဆေးများဖြစ်သဖြင့် ပြည့်စုံမှန်ကန်စွာ တစ်ပြေးညီ စိုက်ထုကြရန်နှင့် လမ်းများပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်သည့် လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို ပြန်လည်ထည့်သွင်းရေးဆွဲ စိုက်ထုကြရန် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ပြောကြားသည်။



ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးဝန်ကြီးဌာနခွဲ ကျင်းပသည့် ပို့ဆောင်ရေးဝန်ကြီးဌာနကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုများ ဆောင်ရွက်ချိန်၌ နိုင်ငံတကာက ကျင့်သုံးလျက်ရှိသည့်စနစ်များနှင့်ကိုက်ညီရေး၊ လမ်းအင်္ဂါရုပ်နှင့် ညီညွတ်ပြည့်စုံရေးနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးနှုန်းလျော့ချရေးအတွက် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို ဒေသအလိုက် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ လိုအပ်သည့်ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲ စိုက်ထူမှုများကို ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံညီညွတ် မှန်ကန်စေရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာအသုံးချပြီး လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံပြီးမြောက်အောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးများက မိမိတို့ဒေသအလိုက် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဖွဲ့စည်းမှု၊ လုပ်ငန်း အကောင်အထည်ဖော်မှု၊ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ၊ ဆွေးနွေးသုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူက လမ်းညွှန်းများ၊ လမ်း အမှတ်အသားများနှင့် အချက်ပြများ ညွှန်ကြားချက် စာအုပ်(၂၀၂၂)ပါအထူးအလေးထား ရမည့် အချက်များနှင့် မြေပြင် ဆောင်ရွက်မှု နှိုင်းယှဉ်ချက်ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သုံးသပ်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ရေးမြို့နယ်၌ ကျောင်းကျန်းမာရေးသိတင်းပတ် လှုပ်ရှားမှု ဆုချီးမြှင့်ပွဲ ကျင်းပ

ရေး သြဂုတ် ၁၈

မွန်ပြည်နယ် ရေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှု (မြို့နယ်အဆင့်)နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာဘခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ခေတ္တ)ဥက္ကဋ္ဌ သူရဦးရန်နိုင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေးခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်သန်းနှင့် ရေးမြို့နယ်ပညာရေးမှူး ဦးသန်းထွန်းတို့က ကျောင်းကျန်းမာရေးသိတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေးသိတင်းပတ် အထိမ်းအမှတ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရှင်းသန်းဖြူ



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မော်လမြိုင်အချုပ်ထောင်၊ မော်လမြိုင်လူငယ်သင်တန်းကျောင်း၊ သထုံအကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၈

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်နှင့် ဒေါက်တာ ဆွေဆွေအောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃(၄၄) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သြဂုတ် ၁၇ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင် အချုပ်ထောင်၊ မော်လမြိုင် လူငယ်သင်တန်းကျောင်း၊ မော်လမြိုင်မြို့ပေါ်ရှိ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကိုလည်းကောင်း၊ သြဂုတ် ၁၈ ရက်တွင် သထုံမြို့ရှိ သထုံအကျဉ်းထောင်နှင့် သထုံမြို့မ ရဲစခန်း အချုပ်ခန်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မော်လမြိုင် အချုပ်ထောင်နှင့် သထုံအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုလင်စွာလက်ခံရရှိမှု၊ ရာသင့်ရာထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု၊ အတန်းပညာ၊ အခြေခံ အရေး အဖတ် အတွက် သင်တန်းနှင့် သက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းက လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိအခြေအနေနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကော်မရှင်နှင့် လွတ်လပ်စွာ သီခြင်းတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများ၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် အတွင်း အကျဉ်းသားများလေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသ နှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို ကော်မရှင်က ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်အောင် ဆောင်ရွက်ပေးနေမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မော်လမြိုင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းသူ၌ လက်ခံ စောင့်ရှောက်ပေးလျက်ရှိသော ကလေးငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှု ပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ဓာတ်ပြုပြင်ရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားနိုင်ရေး အတွက် စနစ်တကျချမှတ်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရေး ဆောင်ရွက်မှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှုအခြေအနေနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးစဉ် ရိုမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။ သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် စွမ်းဆောင်ရည်တိုးတက်ရေး

မိုးကေနိုင်

ပြည်သူကို လေးစား၊ သစ္စာတရား တန်ဖိုးထားမှုများနှင့် အခင်းအကျင်းသစ်တွင် မဏ္ဍိုင်အသစ်၊ လွှတ်တော်သစ်များ ပေါ်ထွက်ခဲ့သည်မှာ ရက်ပေါင်း ၁၀၀ ကျော်ခဲ့ပါပြီ။ သံသယများဖယ်ခွာ၊ ယုံကြည်မှု၊ နားလည်မှုများတည်ဆောက်ပြီး တာထွက်ကောင်းခဲ့သည့် လွှတ်တော်၊ လွှတ်တော်နှင့်အတူ ပြည်သူ့ကိုယ်စားလှယ်များလည်း ပေါ်ထွက်ခဲ့ပါပြီ။

ပြည်သူ့အကျိုး ရှေးရှုသော လွှတ်တော်တာဝန်များနှင့်အတူ တာဝန်ယူ၊ တာဝန်ခံမှုများဖြင့် သက်သေပြရန် အချိန်တို့အတွင်း အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့သည်ဟု ဆိုနိုင်သည်။ လွှတ်တော်ဆိုသည်ကား သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာတစ်ခုပင်။ ထို့ကြောင့် နိုင်ငံအတွက် ရသည့်အချိန်မှာ မနားတမ်းအလုပ်လုပ်ကြရသည်။ တစ်ချိန်တည်း လွှတ်တော်မဏ္ဍိုင် မြင့်မားတိုးတက်အောင်လည်း ကြိုးစားတည်ဆောက်ကြရသည်။

လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့်
ကိုယ်စီစွမ်းရည်က
အပြန်အလှန် အထောက်အကူပြု

တစ်ဖက်မှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ စွမ်းရည်များ မြင့်မားတိုးတက်နေစေရန် အစဉ်ကြိုးစားရသည်။ လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် ကိုယ်စားလှယ်များ၏ စွမ်းရည်တိုးတက်ရေးက အပြန်အလှန်အကျိုးပြုကြသည့်နည်းတူ မျဉ်းပြိုင်သဖွယ်လည်း ဖြစ်ရမည်။ လွှတ်တော်တာဝန်များပြားသည့်ကြားက ကိုယ်စားလှယ်တစ်ယောက်တွင် ရှိထိုက်သည့် ဗဟုသုတ၊ အတွေးအခေါ်နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းများ အားနည်းသည်ဟု အထင်အမြင်များ မခံရစေရန် မိမိတို့၏ ကိုယ်စီစွမ်းရည်များကို ကြိုးစားတည်ဆောက်ကြရသည်။ ပြည်သူ့ကိုယ်စားလှယ်ဆိုသည်မှာ မိမိတာဝန်ထမ်းဆောင်ရာနေရာ ရာပိုင်းဆိုင်ရာ ခမ်းနားထည်ဝါမှုများနှင့်အညီ အတွေးအခေါ် အနေအထိုင်မှအစ ပြည်သူက နမူနာယူစရာ ပုဂ္ဂိုလ်များသဖွယ် စံပြနေထိုင်ရပါသည်။ ပြည်သူကိုအကျိုးပြု၍ ပြည်သူကို ချစ်သာအောင်၊ နိုင်ငံကို တိုးတက်အောင် မိမိတို့စွမ်းရည်များကို အစဉ်တိုးမြှင့်တည်ဆောက်နေရမည်ဟု ခံယူထားပါသည်။

ယခု အဝင်အကျင်းအသစ်များနှင့် ပေါ်ပေါက်လာသည့် လွှတ်တော်များသည် သက်တမ်း၊ အတွေ့အကြုံ၊ နောက်ခံသမိုင်းအားဖြင့် အလွန်နုနယ်သေးသည်ဟု ဆိုရပါမည်။ နုနယ်မှုမှသည် ရင့်ကျက်မှုဆီ အလျင်အမြန်ပြောင်းနိုင်စွမ်းက မိမိတို့၏ ခံယူချက်နှင့် လုပ်ကိုင်နိုင်စွမ်းအပေါ်မူတည်ပါသည်။ နိုင်ငံအတွက်၊ ပြည်သူ့အတွက်ဆိုသော ခံယူချက်အမှန်ဖြင့် စေတနာ၊ အနစ်နာ၊ စိတ်ရှည်သည်းခံမှု၊ အမြော်အမြင်ကြီးမှုတို့ များစွာရှိရပါသည်။ ထို့အတွက် သတိ၊ ဝီရိယ၊ ပညာ စသည့်စိတ်စွမ်းအင်များ အရေးကြီးပါသည်။

ထိုစိတ်ဓာတ်စွမ်းအားများဖြင့် တစ်ဦးနှင့်တစ်ဦး၊ ပါတီတစ်ခုနှင့်တစ်ခု၊ မဏ္ဍိုင်တစ်ရပ်နှင့်တစ်ရပ် အကြား လိုအပ်ချက်များကို ဖြည့်စွက်ပေးပြီး အထောက်အကူပြုကြရပါသည်။ ပူးပေါင်းပါဝင်ကူညီကြရပါသည်။ ဤသည်ပင် အပြန်အလှန် စောင့်ကြည့်ထိန်းညှိခြင်းမည်ပါသည်။ အဘယ့်ကြောင့် ဆိုသော် အတိတ်မှာ သင်ခန်းစာယူစရာများစွာ ရှိခဲ့ပြီးဖြစ်၍ အမျိုးသားအကျိုးစီးပွားအတွက် အရာရာကို သတိကြီးစွာထားရသောအခြေအနေတွင် ရှိနေဆဲကို သတိမူနိုင်ရန်ဖြစ်ပါသည်။ ခက်ခက်ခဲခဲကြိုးပမ်းရယူထားရသည့်အရာမှန်သမျှ တန်ဖိုးကြီးသည်ဖြစ်၍ ထိုတန်ဖိုးကို တက်သည်ထက် တက်နေအောင် ကြိုးစားရမည့်တာဝန် အားလုံးတွင် ရှိပါသည်။

ပြည်သူ့ယုံကြည်မှုကိုရရှိရန် ပြည်သူ့အသံ၊ ဆန္ဒ၊
မျှော်မှန်းချက်များ အလေးထား

ဤသို့စိတ်ဓာတ်များ၊ ခံယူချက်များဖြင့် ပြီးခဲ့သည့် တတိယအကြိမ် ပထမ၊ ဒုတိယပုံမှန် လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက လုပ်ဆောင်ချက်အားလုံးတွင် တာဝန်ကျေခဲ့ကြပါသည်။ ၁၆-၃-၂၀၂၆ ရက်နေ့မှ ၈-၄-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမပုံမှန်အစည်းအဝေးများကနေ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ပြည်ထောင်စုအဆင့်/ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံဦးညွှတ်ပေးသွောင်များကို အောင်မြင်စွာ ရွေးချယ်ပေးနိုင်ခဲ့ပါသည်။ လွှတ်တော်များသည် ပြည်သူ့အသံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တာဝန်ယူမှုမပျွင့်လင်းမြင်သာမှုတာဝန်ခံမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ရေရှည်တည်တံ့ဝင်လာသည်ဟု ဆိုရပါမည်။ သက်ဆိုင်ရာမဲဆန္ဒနယ်များ၏ လိုအပ်ချက်များကို ထင်ဟပ်သည့် ပြည်သူ့အသံများစွာကို လွှတ်တော်ထဲ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ကြသည်။

လွှတ်တော်၏ အခြေခံများကို တည်ဆောက်ဆဲ ကာလမှာပင် ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၆ ခု၊ အဆိုသုံးရပ်၊ ဥပဒေကြမ်းသုံးခုကို မေးမြန်းတင်သွင်း ဆွေးနွေးနိုင်ခဲ့ခြင်းမှာ ကိုယ်စားလှယ်များ၏ စွမ်းဆောင်နိုင်မှုပင်ဖြစ်သည်။ ဒုတိယပုံမှန်အစည်းအဝေးတစ်ခုတည်းမှာ ကြယ်ပွင့်ပြမေးခွန်း ရှစ်ခုအထိ မေးမြန်းနိုင်သူ ကိုယ်စားလှယ်တစ်ဦးနှင့် မေးခွန်းငါးခုအထိ မေးမြန်းသူ ကိုယ်စားလှယ် ၁၂ ဦး၊ အဆိုဆွေးနွေးမှုများတွင်

> **တင်သွင်းခဲ့သည့်အဆိုများကိုကြည့်လျှင် ဆွေးနွေးသူ ၁၀ ဦးရှိခဲ့သည့် လယ်ယာထွက်ကုန်ဈေးနှုန်းထိန်းညှိရေးဆိုင်ရာ အဆိုက ပြည်သူ့လှုပ်ရှားဘဝများကို တိုက်ရိုက်ထင်ဟပ်သည်ဖြစ်၍ အတည်ဖြစ်ခဲ့သည်။ ဆွေးနွေးသူ ၁၉ ဦးရှိခဲ့သည့် လူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက်များအား နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်မည့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအဆိုနှင့် ဆွေးနွေးသူ ကိုဦးရှိခဲ့သည့် ခေတ်မီဒီဂျစ်တယ်စနစ်ဖြင့် အခွန်ကောက်ခံရေး အဆိုနှစ်ရပ်ကိုမူ မှတ်တမ်းတင်နိုင်ခဲ့**

သော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ထားပြီးဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး အာဏာကျင့်သုံးရာ ဗဟိုအဖွဲ့အစည်းများအဖြစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်နှစ်ရပ်စုစုဖြင့် ပေါင်းစည်းဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ လွှတ်တော်များဖွဲ့စည်းထားရှိသည်။ ခေတ်နှင့်အညီ ဥပဒေများ အသစ်ပြဋ္ဌာန်း/ပယ်ဖျက်/ပြင်ဆင်ခြင်းဖြင့် ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေး၊ တရားရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ကူညီအားဖြည့်ခြင်းဖြင့် ထိန်းညှိခြင်း တာဝန်၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို လွှတ်တော်အသံ၊ လွှတ်တော်ဆန္ဒများ သဖွယ် အလေးထား၍ လုပ်ငန်းများ ဖော်ဆောင်ခြင်းဖြင့် ပြည်သူ့ကို ကိုယ်စားပြုခြင်း၊ အထက်တွင် တင်ပြခဲ့သလို နိုင်ငံ့အကြီးအကဲများ ရွေးချယ်ခြင်းလုပ်ငန်း တာဝန်များမှာ လွှတ်တော်များအားလုံး သဘောသဘာဝချင်း တူညီပါသည်။

သို့ဖြစ်၍ ပြီးစီးခဲ့သည့် ပုံမှန်အစည်းအဝေးနှစ်ခုအတွင်း လွှတ်တော်များဖွဲ့ပြီးရေးနှင့် ပြည်သူ့ကိုယ်စားပြု စွမ်းဆောင်နိုင်ခဲ့သည်များကို ကိုယ်စားလှယ်များပါဝင်မှု၊ ဆောင်ရွက်ချက်၊ လုပ်ငန်းပြီးစီးမှုများအလိုက် ပြည်သူ့လွှတ်တော်ဆောင်ရွက်ချက်များနှင့် ချိန်ထိုး၍ တင်ပြလိုပါသည်။ ယခုလို အစဉ်းကာလတွင် ဆောင်ရွက်နိုင်မှုကို အရေအတွက်နှင့်သာ ဆန်းစစ်နိုင်မည်ဖြစ်ပြီး လွှတ်တော်မှ ဆုံးဖြတ်ချက်များကို နောက်ဆက်တွဲ အကောင်အထည်ဖော်နိုင်မှုအတိုင်းအတာကို စဉ်ဆက်မပြတ်ဆန်းစစ်၍ သာ အရည်အသွေးပိုင်းကို ကြည့်နိုင်မည်ဟု ယူဆပါသည်။

ပြည်သူ့လွှတ်တော်ကို ပမာထား၍ ဆောင်ရွက်နိုင်မှုကို ကြည့်လျှင် ၂-၆-၂၀၂၆ ရက်နေ့မှ ၃၀-၇-၂၀၂၆ ရက်နေ့အထိ ၃၂ ရက်ကြာ ကျင်းပခဲ့သော တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများတွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုရေးလုပ်ငန်းများကြောင့် လွှတ်တော်၏ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းညှိရေးနှင့် ကိုယ်စားပြုရေးတာဝန်များ စတင်အသက်သွင်းကြိမ်အထိ ပါဝင်ဆွေးနွေးခဲ့သူ ကိုယ်စားလှယ်ရှိခဲ့သည်ကိုကြည့်၍ ပြည်သူ့ကို ကိုယ်စားပြုမှုနှင့် ပါဝင်မှုအတိုင်းအတာကို အကဲခတ်နိုင်ပါလိမ့်မည်။

ကဏ္ဍအလိုက် မေးမြန်းမှုကိုကြည့်လျှင် ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် ၂၀ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးရှိခဲ့ပြီး မိမိဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများ မေးမြန်းဖြေကြားမှုများက အများဆုံးနေရာယူခဲ့သည်ကို တွေ့ရှိရပါသည်။

ဥပဒေပြုရေးအပိုင်းကို ကြည့်လျှင် ဒီဂျစ်တယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုသော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဖြစ်စေမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မတီက တင်သွင်းသည့် “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်” ဥပဒေကြမ်း သုံးခုကို ဆွေးနွေးခဲ့ကြပြီး ထိုဥပဒေကြမ်းများကို အဆုံးအဖြတ်ရယူ၍ သက်ဆိုင်ရာလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

